**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**

အမိန့်ကြော်ငြာစာအမှတ် (၁၀ / ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

## မျိုးစေ့လုပ်ငန်းလိုင်စင် ပြင်ဆင်သတ်မှတ်ခြင်း

၁။ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သော (၁၁) ကြိမ်မြောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် မျိုးစေ့လုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အောက်ဖော်ပြပါ **သီးနှံအုပ်စုတစ်ခုချင်းအလိုက်** လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် သက်တမ်းတိုးမြှင့်ခတို့ဖြင့် မျိုးစေ့ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) အရ မျိုးစေ့လုပ်ငန်း (မျိုးစေ့ ထုတ်လုပ်၊ ပွားများ၊ တင်သွင်း၊ တင်ပို့၊ ဖြန့်ဖြူးရောင်းချ၊ သိုလှောင်ခြင်း) လုပ်ကိုင်လိုသူများအား **"မျိုးစေ့လုပ်ငန်းလိုင်စင်"** ကို ပြင်ဆင်လျှောက်ထားခွင့်ပြုလိုက်သည်-

| စဉ် | သီးနှံအုပ်စုအမည် | လိုင်စင်သက်တမ်း(နှစ်) | လိုင်စင်ခ (ကျပ်) | လိုင်စင်သက်တမ်းတိုးမြှင့်ခ(ကျပ်) |
|---|---|---|---|---|
| (က) | လယ်ယာသီးနှံအုပ်စု | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |
| (ခ) | ဥယျာဉ်ခြံသီးနှံအုပ်စု | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |
| (ဂ) | စက်မှုသီးနှံအုပ်စု | ၅ | ၃၀၀,၀၀၀ | ၃၀၀,၀၀၀ |

၂။ **သီးနှံအုပ်စုတစ်ခုချင်းအလိုက် ပါဝင်သောသီးနှံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**
**(က) လယ်ယာသီးနှံအုပ်စုတွင်ပါဝင်သောသီးနှံများ**

| နှံစားသီးနှံများ | ပဲမျိုးစုံသီးနှံများ | ဆီထွက်သီးနှံများ | တိရိစ္ဆာန်အစာပင်များ |
|---|---|---|---|
| စပါး၊ ဂျုံ၊ ပြောင်း၊ နှံစားပြောင်း၊ လူး၊ ဆပ် | မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲလွမ်း၊ ပဲပုပ်၊ မြေထောက်ပဲ၊ ပဲနီလေး၊ ပဲဝါလေး၊ ပဲယင်း၊ ပဲလိပ်ပြာ၊ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲရာဇာ၊ ပဲပိစပ်၊ စွန်တာနီ၊ စွန်တာပြာ၊ ပတ္တမြားပဲ၊ ပဲကြီးနှင့် အခြားပဲအမျိုးမျိုး | မြေပဲ၊နှမ်း၊ နေကြာ၊ပန်းနှမ်း၊ ဆီထွက်မုန်ညင်း၊ ဆီထွက်ပဲပုတ် | မြက်၊ပဲနွယ်ပင်နှင့် အခြား |

### (ခ) ဥယျာဉ်ခြံသီးနှံအုပ်စုတွင်ပါဝင်သောသီးနှံများ

**ဟင်းသီးဟင်းရွက်သီးနှံများ**

ဟင်းနုနွယ်၊ဂေါ်ဖီထုပ်၊ပန်းမုန် လာ၊ ငရုတ်၊ အာလူး၊ ခရမ်းချဉ်၊ ကြက်ဟင်းခါး၊ ဘူး၊ ဘရိုကိုလီ၊ မုန်လာဥနီ၊တရုတ်မုန်ညင်း၊ နံနံ၊ သခွား၊ခရမ်း၊ကိုက်လန်၊ဆလပ်၊ ခဝဲ၊မုန်ညင်း၊ ရုံးပတီ၊ ကြက်သွန် နီ၊ ပတ်ချိုင်၊ သဘော်၊ ရွှေဖရုံ၊ မုန်လာဥဖြူ၊ ဘုံလုံ၊ ကန်စွန်း၊ ကျောက်ဖရုံ၊ ပဲတိုင်ထောင်၊ ကြယ်ပဲ၊ ဂွေးတောက်၊ဖရုံသခွား၊ ဆူးပုတ်၊ကင်ပွန်းချဉ်၊ မုန်ညင်းထုတ်နှင့် အခြား

**သစ်သီးဝလံများ**

ဖရဲ၊ သခွားမွှေး၊ ထောပတ်၊ ကြက်မောက်၊ လိုင်ချီး၊ ကျွဲကော၊ သံပုရာ၊ လိမ္မော်၊သရက်၊ နာနက်၊ မင်းဂွတ်၊ ဒူးရင်း၊ ပိန္နဲ၊ ပန်းသီး၊ ဇီးသီး၊ စပျစ်သီး၊ ငှက်ပျော ကဗွလာသီး၊ သြဇာသီး၊ မက်မန်းသီး၊ နဂါး မောက်သီးနှင့် အခြား

**ပန်းပျိုးပင်များ**

Lily၊ သစ္စာပန်း၊ သစ်ခွ၊ နှင်းဆီ၊ စံပယ်၊ သပြေ၊ marigod နှင့်အခြား

**မြေယာအလှဆင်အပင်များ**

ရွက်လှ၊ အုန်း၊ ထန်း၊ ပုဏ္ဏရိပ်၊ ဗိုလ်ကတော် မျက်ခုံး၊ အပင်ပုများ နှင့်အခြား

### (ဂ) စက်မှုသီးနှံအုပ်စုတွင်ပါဝင်သောသီးနှံများ

ဝါ ၊ ဂုန်လျှော်၊ ချည်ပေါင်လျှော်၊ ကြံ၊ ရော်ဘာ၊ ဆေးရွက်ကြီး၊ ကော်ဖီ၊ ယူကလစ်၊ Stevia၊ ဆီအုန်း၊ သီဟိုဠ်၊လက်ဖက်၊ စပါးလင်၊ မက္ကဒေးမီးယား၊ Cassava နှင့် အခြား

၃။ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မျိုးစေ့၊ ပျိုးပင်အရောင်းဆိုင်များကို အောက်ဖော်ပြပါ သက်တမ်း၊ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စိုက်ပျိုးရေးဦးစီးမှူးရုံးများတွင် **"မျိုးစေ့၊ ပျိုးပင်အရောင်းဆိုင်ဖွင့်လှစ်ရောင်းချခွင့် လုပ်ငန်းလိုင်စင်"** အား လျှောက်ထားခွင့်ပြုလိုက်သည်။

| စဉ် | အကြောင်းအရာ | သက်တမ်း (နှစ်) | လိုင်စင်ခ (ကျပ်) | လိုင်စင်သက်တမ်းတိုးမြှင့်ခ (ကျပ်) |
|---|---|---|---|---|
| (က) | မျိုးစေ့၊ ပျိုးပင်အရောင်းဆိုင် (၁) ဆိုင် | ၃ | ၅၀,၀၀၀ | ၅၀,၀၀၀ |

၄။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ (၂၃.၂.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၇) အား ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ဥက္ကဋ္ဌ)
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ မျိုးစေ့ဥပဒေ/ ၁၂၅/ ၂၀၁၈-၁၉/ ၈၁၇
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဝင်များအားလုံး
ဤဝန်ကြီးဌာနရှိဦးစီးဌာနအားလုံး
မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီဝင်များအားလုံး
တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများ
တိုင်းဒေသကြီး/ ပြည်နယ်မျိုးစေ့တာဝန်ခံများ
မျိုးစေ့ကုမ္ပဏီများအားလုံး

**အမိန့်အရ**

28/6/18

**(ဒေါက်တာရဲတင့်ထွန်း)**
**အတွင်းရေးမှူး**
**မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ**